FIRST NATIONAL INSURANCE (LIFE) CO., LTD

FNILife
Assuring Peace of Mind, the Essence of Life

Address
Building A/9, Than Thu Mar Road,
(24) Quarter,Thingangyun Township,
Yangon, Myanmar 11071

Tel : 01-570521, 01-570998
Call Center : 01-9010900
Fax : 01-570298
E-mail : customerservices@fnilife.com

# နှစ်တိုငွေပင်ငွေရင်း အသက်အာမခံ ပေါ်လစီ အကျိုးခံစားခွင့်များနှင့် စည်းကမ်းချက်များ

## အကျိုးခံစားခွင့်များ

**နှစ်စေ့အကျိုးခံစားခွင့်-** အာမခံထားသူသည် ပရီမီယံအပြည့်သွင်းပြီးနောက် ပေါ်လစီတွင်ဖော်ပြထားသည့် အာမခံသက်တမ်း စေ့ရောက်သည့်နေ့တွင် အာမခံထားငွေကို တစ်လုံးတည်းထုတ်ယူနိုင်သည်။

**သေဆုံးမှုအကျိုးခံစားခွင့်-** အာမခံသက်တမ်းအတွင်း ပေါ်လစီတည်မြဲနေစဉ် (သို့မဟုတ်) အလိုအလျောက် ပေါ်လစီ တည်မြဲနေစဉ် အာမခံထားသူသေဆုံးပါက ကုမ္ပဏီမှရရှိရန်ငွေများကိုနှုတ်၍ ကျန်အာမခံထားငွေကို အကျိုးခံစားခွင့်ရှိသူအား ထုတ်ပေးပါသည်။

**ထာဝစဉ်လုံးဝမသန်စွမ်းအကျိုးခံစားခွင့်** - ပေါ်လစီတည်မြဲနေစဉ် ကာလအတွင်း အာမခံထားသူသည် ရောဂါကြောင့်သော် လည်းကောင်း၊ မတော်တဆမှုကြောင့်သော်လည်းကောင်း ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ပါက ကုမ္ပဏီက ရရှိရန်ငွေများကို နှုတ်၍ ကျန်အာမခံထားငွေကို အာမခံထားသူသို့ တစ်လုံးတည်းထုတ်ပေးပါမည်။

ထာဝစဉ်မသန်စွမ်းဖြစ်ခြင်းဆိုသည်မှာ-

(က) မျက်စိနှစ်ဖက်လုံးဝကွယ်ခြင်း၊

(ခ) လက်ကောက်ဝတ်အထက်ပိုင်းမှ လက်နှစ်ဖက်ပြတ်ခြင်း၊ လုံးဝအသုံးပြု၍မရခြင်း။

(ဂ) ခြေကျင်းဝတ်အထက်ပိုင်းမှ ခြေထောက်နှစ်ဖက်ပြတ်ခြင်း၊ လုံးဝအသုံးပြု၍မရခြင်း။

(ဃ) မျက်စိတစ်ဖက် လုံးဝကွယ်ခြင်းနှင့် လက်ကောက်ဝတ်အထက်ပိုင်း လက်တစ်ဖက်ပြတ်ခြင်း၊ အသုံးပြု၍ မရခြင်း။

ခြေကျင်းဝတ်အထက်ပိုင်း ခြေတစ်ဖက်ပြတ်ခြင်း၊ လုံးဝအသုံးပြု၍မရခြင်း။

(အထက်ပါအချက်များ၌ အကျုံးမဝင်သော်လည်း ကုသသည့်ဆေးရုံမှ အထူးကုဆရာဝန်၏ ထာဝစဉ်လုံးဝမသန်စွမ်း ဖြစ်ကြောင်း ထောက်ခံချက်ရရှိလျှင် ထာဝစဉ်လုံးဝမသန်စွမ်း အကျိုးခံစားခွင့်ရရှိနိုင်သည်။)

**ပေါ်လစီစာရင်းပိတ်ခြင်း -** ကျသင့်ပရီမီယံကို တစ်နှစ်တစ်ဆက်တည်း ပေးသွင်းပြီးပါက ပရီမီယံကို ဆက်လက် ပေးသွင်းခြင်း မပြုနိုင်တော့သဖြင့် ပေါ်လစီကို စာရင်းပိတ်ပေးရန် အကြောင်းကြားလာလျှင် အဆိုပါ ပေါ်လစီကို ဤကုမ္ပဏီက စာရင်းပိတ်ပေါ်လစီအဖြစ် ပြောင်းလဲသတ်မှတ်ပေးပါမည်။ အာမခံသက်တမ်းစေ့ရောက်သောနေ့မှသာ ပြန်လည်ထုတ်ယူ၍ ရမည်ဖြစ်သည်။

**အမ်းငွေထုတ်ယူခြင်း** - ကျသင့်ပရီမီယံကို တစ်နှစ်တစ်ဆက်တည်း ပေးသွင်းပြီးပါက ပရီမီယံကို ဆက်လက်ပေး သွင်းခြင်း မပြုနိုင်တော့သဖြင့် ပေါ်လစီကို အမ်းငွေရသင့်တန်ဖိုး ထုတ်ပေးရန် အကြောင်းကြားလာလျှင် အမ်းငွေရသင့် တန်ဖိုးနှုန်း ဇယားပါအတိုင်း ရခွင့်ရှိသည့် အမ်းငွေရသင့်တန်ဖိုးကို အာမခံထားသူသို့ တစ်လုံးတည်း ထုတ်ပေးပါမည်။ အမ်းငွေထုတ်ယူရာတွင် မိမိပေးသွင်းထားသော ပရီမီယံမှ အပြည့်အဝရရှိမည်မဟုတ်ပါ။

FIRST NATIONAL INSURANCE (LIFE) CO., LTD
Address
Building A/9, Than Thu Mar Road,
(24) Quarter,Thingangyun Township,
Yangon, Myanmar 11071
Tel : 01-570521, 01-570998
Call Center : 01-9010900
Fax : 01-570298
E-mail : customerservices@fnilife.com

**ချေးငွေရယူနိုင်ခြင်း** - အာမခံထားသူအနေဖြင့် တစ်နှစ်တစ်ဆက်တည်း ပရီမီယံပေးသွင်းပြီးသည့် ပေါ်လစီ တစ်စောင်မှ ချေးငွေရယူနိုင်ခွင့်ရှိသည်။ ချေးယူနိုင်မည့်ငွေပမာဏမှာ အမ်းငွေရသင့်တန်ဖိုးနှုန်းထားဇယားပါအတိုင်း ရခွင့်ရှိသည့် စုစုပေါင်း အမ်းငွေ ရသင့်တန်ဖိုး၏ ၉၀% အထိဖြစ်ပါသည်။

**အကျိုးခံစားခွင့်မရနိုင်သည့်အချက်များ**

၁။ အာမခံထားသူသည် အောက်ဖော်ပြပါ အကြောင်းကိစ္စများကြောင့် သေဆုံးခဲ့လျှင် သေဆုံးမှုအကျိုးခံစားခွင့်အား ရခွင့်မရှိပါ။ ပေးသွင်းပြီး ပရီမီယံကိုသာ ပြန်ထုတ်ပေးမည်ဖြစ်ပါသည်။

(က) အာမခံစသည့်နေ့မှ တစ်နှစ်အတွင်း မိမိကိုယ်ကိုသတ်သေခြင်း။

(ခ) အာမခံဝယ်ယူစဉ်က ဖော်ပြရန်ထိန်ချန်ခဲ့သော ရှိရင်းစွဲရောဂါကြောင့် အာမခံစသည့်နေ့မှ တစ်နှစ်အတွင်း သေဆုံးခြင်း။

၂။ အာမခံထားသူသည် အောက်ဖော်ပြပါ အကြောင်းကိစ္စများကြောင့် ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ခဲ့လျှင် ထာဝစဉ်လုံးဝ မသန်စွမ်းဖြစ်မှု အကျိုးခံစားခွင့်အား ရခွင့်မရှိပါ။ ပေးသွင်းပြီး ပရီမီယံကိုသာ ပြန်ထုတ်ပေးမည်ဖြစ်ပါသည်။

(က) ကြိုတင်ရည်ရွယ်ချက်ဖြင့် မိမိကိုယ်ကို အနာတရဖြစ်အောင် လုပ်ခြင်းကြောင့်ဖြစ်သည့် ထာဝစဉ်လုံးဝ မသန်စွမ်းဖြစ်ခြင်း။

(ခ) မိမိကိုယ်ကို သတ်သေခြင်းကြောင့် မသေဘဲ ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ခြင်း။

(ဂ) မူးယစ်ဆေးဝါး သုံးစွဲခြင်းကြောင့်ဖြစ်သည့် ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ခြင်း။

(ဃ) ဘေးအန္တရာယ်ဖြစ်စေသော ဆေးမှီဝဲခြင်းကြောင့်ဖြစ်သည့် ထာဝစဉ်လုံးဝ မသန်စွမ်းဖြစ်ခြင်း။

(င) ကိုယ်တိုင်ရာဇဝတ်မှုကျူးလွန်ခြင်းကြောင့်ဖြစ်သည့် ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ခြင်း။

(စ) အာမခံဝယ်ယူစဉ်က ဖော်ပြရန် ထိန်ချန်ခဲ့သော ရှိရင်းစွဲရောဂါကြောင့် အာမခံစသည့်နေ့မှ တစ်နှစ်အတွင်း ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ခြင်း။

**ပေါ်လစီစည်းကမ်းချက်များ**

**ပရီမီယံပေးသွင်းခြင်း-** ပရီမီယံကို (၁)နှစ်တစ်ကြိမ်၊ (၆)လတစ်ကြိမ်၊ (၃)လတစ်ကြိမ်၊ (၁)လတစ်ကြိမ် ပေးသွင်း နိုင်ပါသည်။ (၁)နှစ် တစ်ကြိမ်၊ (၆)လတစ်ကြိမ်၊ (၃)လတစ်ကြိမ် ပေးသွင်းသည့်ပေါ်လစီများအတွက် ပရီမီယံပေးသွင်းရန် အပိုရက် (၃၀) ခွင့်ပြုပါသည်။ (၁)လတစ်ကြိမ် ပေးသွင်းသည့် ပေါ်လစီများအတွက် ပရီမီယံပေးသွင်းရန် အပိုရက် (၁၅)ရက် ခွင့်ပြုပါသည်။ ပေးသွင်းနိုင်သည့် အပိုရက်၏ နောက်ဆုံးရက်သည် အစိုးရရုံး / ဘဏ် ပိတ်ရက်ဖြစ်ပါက ရုံး / ဘဏ်ဖွင့်သော ပထမရက်တွင် ပရီမီယံပေးသွင်းရပါမည်။

**ပျက်သည့်ပေါ်လစီပြန်လည်တည်မြဲခြင်း** - ပေါ်လစီသည် အပိုရက်များအတွင်း၌ ပရီမီယံမသွင်းခဲ့သော် ပေါ်လစီပျက်သည်။

ပရီမီယံ ပေးသွင်းရန် ပျက်ကွက်သည့် ကာလမှာ (၆) လ ထက်မပိုပါက ပျက်သည့် ပေါ်လစီကို ပြန်လည် တည်မြဲနိုင်ရန် အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

- မိမိကိုယ်တိုင် ကျန်းမာကြောင်း ခံဝန်ချက်တင်ပြရန် လိုပါသည်။
- ပေးသွင်းရန်ကျန်သည့် ပရီမီယံစုစုပေါင်းနှင့် ယင်းပရီမီယံကျန်ငွေပေါ်တွင် တစ်နှစ်လျှင်အတိုးနှုန်း ၈% ဖြင့် ပျက်ကွက် ကာလအတွက် တွက်ချက်၍ ရသည့်အတိုးကို တပေါင်းတည်းပေးသွင်းရမည်။

ပရီမီယံပေးသွင်းရန် ပျက်ကွက်သည့်ကာလသည် (၆)လနှင့် တစ်နှစ်အတွင်းဖြစ်ပါက ပျက်သည့်ပေါ်လစီကို ပြန်လည် တည်မြဲနိုင်ရန် အောက်ပါအတိုင်းဆောင်ရွက်ရမည်။

- မိမိစရိတ်ဖြင့်ကုမ္ပဏီမှ ညွှန်ကြားသည့်အတိုင်း ကျန်းမာရေးစစ်ဆေးရမည်။

Address
Building A/9, Than Thu Mar Road,
(24) Quarter,Thingangyun Township,
Yangon, Myanmar 11071

Tel : 01-570521, 01-570998
Call Center : 01-9010900
Fax : 01-570298
E-mail : customerservices@fnilife.com

- ရလဒ်ကောင်းမွန်ပါက ပေးသွင်းရန်ကျန်သည့် ပရီမီယံစုစုပေါင်းနှင့် ယင်းပရီမီယံကျန်ငွေပေါ်တွင် တစ်နှစ်လျှင် အတိုးနှုန်း ၈% ဖြင့် ပျက်ကွက်ကာလအတွက် တွက်ချက်၍ရသည့်အတိုးကို တပေါင်းတည်း ပေးသွင်းရမည်။

အကယ်၍ အထက်တွင်ဖော်ပြထားသည့်နည်းလမ်းအတိုင်း ပေါ်လစီကိုပြန်လည်တည်မြဲရန် မဆောင်ရွက်ပါက ပေါ်လစီ ပျက်သည်။

**အလိုအလျောက်ပေါ်လစီတည်မြဲခြင်း**

- အမ်းငွေရသင့်တန်ဖိုးရရှိနိုင်သော ပေါ်လစီတွင် ပရီမီယံပေးသွင်းခြင်း ပျက်ကွက်သော်လည်း ပေါ်လစီမပျက်ပါ။ ပေးသွင်းရန်ကျန်သည့် ပရီမီယံ၊အတိုးနှင့် ရရှိရန်ငွေများကို အမ်းငွေရသင့်တန်ဖိုးမှ အရစ်ကျအတိုင်းနှုတ်ယူပြီး ပေါ်လစီကို အလိုအလျောက်ဆက်လက် တည်မြဲစေနိုင်ပါသည်။ ပေးရန်ကျန် ပရီမီယံပေါ်တွင် တစ်နှစ်လျှင် ၈% အတိုး ပါထည့်သွင်း တွက်ချက်ပါမည်။
- အာမခံထားသူမှ ပေးရန်ကျန်သည့် ပရီမီယံကို အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အမ်းငွေရသင့်တန်ဖိုးမှ နှုတ်၍ အလီလီပေးသွင်းခြင်းဖြင့် အမ်းငွေရသင့်တန်ဖိုး ကုန်သွားပါက ပေါ်လစီ ပျက်သည်။
- အလိုအလျောက် တည်မြဲစေသည့် ပေါ်လစီအတွက် ပေးရန်ကျန်သည့် ပရီမီယံစုစုပေါင်းနှင့် အတိုးကိုတစ်ကြိမ်တည်း ပေးဆပ်ခြင်းဖြင့် ပေါ်လစီကို ပြန်လည်တည်မြဲစေနိုင်သည်။ ဤကဲ့သို့တည်မြဲစေရာတွင် ကျန်းမာရေးစစ်ဆေးရန် လိုအပ်သည်ဟု ကုမ္ပဏီမှယူဆလျှင် ပြန်လည်စစ်ဆေးမှု ခံယူရမည်ဖြစ်ပြီး၊ ကုန်ကျစရိတ်ကို အာမခံထားသူမှ ကျခံရမည် ဖြစ်ပါသည်။
- စစ်ဆေးသည့်ဆရာဝန်၏ ထောက်ခံချက်အရ လက်ခံနိုင်သည့်အနေအထားရှိလျှင် ပေါ်လစီပြန်လည်တည်မြဲခွင့် ပြုမည်ဖြစ်ပြီး လက်ခံနိုင်သည့် အနေအထားမရှိပါက ပေါ်လစီပြန်လည်တည်မြဲခွင့်ပြုမည်မဟုတ်ပါ။
- ဤကဲ့သို့ အလိုအလျောက် ပေါ်လစီတည်မြဲနေသော ကာလအတွင်း အာမခံထားသူ ကွယ်လွန်/ထာဝစဉ်လုံးဝမသန်စွမ်း ဖြစ်ခဲ့သော် တင်ရှိနေသော ပရီမီယံအကြွေးများ၊ တစ်နှစ်လျှင် ၈% ဖြင့် ကျသင့်အတိုးနှင့် ရရှိရန်ငွေများကို နှုတ်ယူ ပြီးလျှင် ကျန်အာမခံထားငွေကို တစ်လုံးတည်း ထုတ်ပေးမည် ဖြစ်သည်။ သို့ရာတွင် အာမခံထားသူမှ ပြန်လည် ပေးဆပ်ရမည့် စုစုပေါင်း ငွေပမာဏသည် ၎င်းရခွင့်ရှိသော အမ်းငွေတန်ဖိုး ထက်ပိုနေလျှင် ပေါ်လစီပျက်ပြယ် သည်ဖြစ်၍ အာမခံထားသူ သေဆုံး/ထာဝစဉ်မသန်စွမ်းဖြစ်ပါက အာမခံထားငွေကို ရနိုင်ခွင့်မရှိပါ။ သို့ရာတွင် အာမခံထားသူ ကွယ်လွန်/ထာဝစဉ်မသန်စွမ်း ဖြစ်ချိန်၌ ပေါ်လစီအရ ရရှိနိုင်သော စာရင်းပိတ်တန်ဖိုးကို တွက်ချက်ပြီး၊ အာမခံထားသူမှ ပေးရန်ကျန်သည့် စုစုပေါင်းငွေကိုနှုတ်၍ ကျန်ငွေကို အာမခံထားသူ/အကျိုးခံစားခွင့်ရှိသူသို့ ထုတ်ပေး ပါမည်။
- အမ်းငွေရသင့်တန်ဖိုး မရရှိနိုင်သော (၁နှစ်ဆက်တိုက် ပရီမီယံမသွင်းရသေးသော) ပေါ်လစီပျက်နေချိန်တွင် အာမခံထားသူ သေဆုံးခြင်း/ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ပါက မည်သည့်အကျိုးခံစားခွင့်မှ မရနိုင်ပါ။